# ဘုရားသခင်၏
# လမ်း

ရေးသားသူ
***Rose Stair Goodman***



Cover art, Edwin B. Wallace. Meryl Esenwein art above and on pages 10, 12, 14, 16, 27, 29, 39, 41, 42, 44, 46, 47 and 48. The Bible text used is from Myanmar Bible. Copyright 2001-2002, The Bible Society of Myanmar, Publishers.

# ဘုရားသခင်သည် ဤကမ္ဘာမြေကြီးနှင့် သက်ရှိဟူသမျှတို့ကို ဖန်ဆင်းတော်မူသည်။

အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူ၏။ ကမ္ဘာဦးကျမ်း ၁၁

သားတော်အားဖြင့် ဘုရားသခင်သည် ကောင်းကင်နှင့်ကမ္ဘာမြေပေါ်ရှိ မျက်စိဖြင့်မြင်နိုင်သောအရာ၊ မမြင်နိုင်သောအရာဟူသမျှကို ဖန်ဆင်းတော်မူသည်။ ကောလောသဲ ၁း၁၆

ကောင်းကင်နှင့်ကမ္ဘာမြေကြီးကို ဖန်ဆင်းတော်မူသော ထာဝရဘုရားသည် သင်တို့အား ကောင်းကြီးပေးတော်မူပါစေသော။ ကောင်းကင်ကို ထာဝရဘုရားတစ်ပါးတည်းသာလျှင် ပိုင်တော်မူ၏။ ကမ္ဘာမြေကြီးကိုမူကား လူသားတို့အားပေးတော်မူ၏။ ဆာလံ ၁၁၅း၁၅၊၁၆

ဘုရားသခင်သည် ကမ္ဘာမြေကြီးကို လူသားတို့အားပေးအပ်စဉ်က အရာရာပြည့်စုံလေသည်။

# ဘုရားသခင်သည် လူသားကိုဖန်ဆင်းတော်မူသည်။



ဘုရားသခင်က "ငါတို့ပုံသဏ္ဍာန်နှင့် အဆင်းအင်္ဂါတူညီသော လူကိုဖန်ဆင်းကြစို့။ ဤကမ္ဘာမြေပေါ်ရှိ အရာအားလုံးတို့ကို အုပ်စိုးရသော အခွင့်ကိုလည်းပေးစို့" ဟု မိန့်တော်မူ၏။ ကမ္ဘာဦးကျမ်း ၁း၂၆

# လူသားသည် အသက်ရှိသောသတ္တဝါဖြစ်လာသည်။

ထို့နောက် ထာဝရဘုရားသခင်သည် မြေမှုန့်ဖြင့်လူသားကို ဖန်ဆင်း၍ သူ၏နှာခေါင်းထဲသို့ ဇီဝအသက်ကိုမှုတ်သွင်းတော်မူလျှင် လူသည် အသက်ရှိသောသတ္တဝါဖြစ်လာသည်။ ကမ္ဘာဦးကျမ်း ၂း၇

ထာဝရအရှင်ဘုရားသခင်က "ယောက်ျားသည် တစ်ယောက်တည်း နေလျှင်မကောင်း၊ သူနှင့်သင့်တော်သော ကူညီမည့်သူကို ငါလုပ်ဦးမည်" ဟု အကြံရှိတော်မူ၏။ ထို့နောက် လူယောက်ျားကို နှစ်ခြိုက်စွာ အိပ်စေတော်မူ၍ အိပ်ပျော်နေစဉ် နံရိုးတစ်ချောင်းကိုထုတ်ယူပြီးလျှင် နံရိုးအစားအသားကို အစားထိုးဖြည့်တော်မူ၏။ ထာဝရအရှင် ဘုရားသခင်သည် လူယောက်ျားမှထုတ်ယူသော နံရိုးဖြင့် လူမိန်းမကို ဖန်ဆင်း၍ လူယောက်ျားရှိရာသို့ ခေါ်ဆောင်တော်မူလေ၏။

ကမ္ဘာဦးကျမ်း ၂း၁၈၊၂၁–၂၂

# အာဒံနှင့်ဧဝက ဘုရားသခင်၏စကားကို မနာခံခြင်း။



စာတန်မာရ်နတ်၏စကားကို ကျွန်ုပ်တို့မည်သည့်အခါမျှ နားမထောင်သင့်ပေ။

ထာဝရအရှင်ဘုရားသခင်သည် လူသားကို ဧဒင်ဥယျာဉ်အား ပြုစုစောင့်ရှောက်ရန် ထားရှိတော်မူ၏။ ပြီးနောက် "ကောင်းမကောင်းကို သိကျွမ်းရာအပင်မှတစ်ပါး ဤဥယျာဉ်၌ရှိသမျှသော အပင်တို့၏အသီးကို သင်သည်စားခွင့်ရှိသည်။ ထိုအပင်၏အသီးကိုကား မစားရ၊ စားသောနေ့ တွင် သင်သည်ဧကန်အမှန်သေရလိမ့်မည်" ဟု ပညတ်ထားတော်မူ၏။

ကမ္ဘာဦးကျမ်း ၂း၁၅-၁၇

စာတန်မာရ်နတ်ဟုခေါ်တွင်သော မြွေဆိုးသည် ဘုရားသခင်၏ အမိန့်အာဏာကိုဆန့်ကျင်၍ လိမ်လည်လှည့်ဖျားပြောဆိုသည်။

မြွေဆိုးသည် လူမိန်းမအား "သင်တို့သည် ဧကန်အမှန်သေရမည် မဟုတ်" ဟု ဆိုလေ၏။ ထိုအခါ လူမိန်းမသည် ထိုအပင်မှ အသီးများသည် စားချင်ဖွယ်ကောင်းခြင်း၊ အဆင်းလှခြင်း၊ ဉာဏ်ပညာတိုးပွားစေခြင်းငှာ နှစ်သက်ဖွယ်ရာဖြစ်ခြင်းကိုမြင်လျှင် အသီးကိုယူ၍စား၏။ မိမိခင်ပွန်းအား လည်းပေး၍ သူလည်းစားလေ၏။" ကမ္ဘာဦးကျမ်း ၃း၄၊၆

# အာဒံနှင့်ဧဝတို့ ဧဒင်ဥယျာဉ်တွင်နေထိုင်ရန် အခွင့်မရှိတော့ခြင်း။



ထာဝရဘုရားသခင်သည် လူသားအား မိမိကိုဖန်ဆင်းသောမြေ၌ ထွန်ယက်လုပ်ကိုင်စေရန် ဧဒင်ဥယျာဉ်ထဲမှ နှင်ထုတ်တော်မူ၏။ ထိုသို့ လူကိုနှင်ထုတ်ပြီးလျှင် အသက်ပင်လမ်းကိုစောင့်ရှောက်စေခြင်းငှာ မီးစက်လက်နက်နှင့်တစ်ကွ ခေရုဗိမ်တို့ကို ဥယျာဉ်အရှေ့ဘက်၌ ထားတော်မူ၏။

ကမ္ဘာဦးကျမ်း ၃း၂၃၊၂၄

# အာဒံနှင့်ဧဝတို့အပြစ်ပြုခြင်းကြောင့် လူသားမျိုးနွယ်တစ်ခုလုံး အတွက် အပြစ်၏ဆိုးကျိုးကျရောက်ခြင်း။



အပြစ်တရားသည် လူတစ်ယောက်ကြောင့် ဤကမ္ဘာလောကသို့ သက်ရောက်လာ၏။ ထိုသူ၏အပြစ်ကြောင့် သေခြင်းတရားပေါ်ပေါက် လာရ၏။ သို့ဖြစ်၍ လူအပေါင်းတို့သည် အပြစ်ကျူးလွန်ကြသဖြင့် သေရကြကုန်၏။ ရောမ ၅း၁၂

## မှတ်သားရန်အချက်

လူသားတိုင်းသည် အပြစ်သဘောသဘာဝအားဖြင့် ကမ္ဘာမြေသို့ ဝင်ရောက်လာပြီး အပြစ်ကြောင့်ပင်သေခြင်းတရားရောက်၍ တစ်နေ့တွင် သေဆုံးကြရလိမ့်မည်။

# ဘုရားသခင်က အပြစ်သားတို့အားကယ်တင်ရန် တစ်ပါးတည်းသော သားတော်အား စေလွှတ်ခြင်း။



လူသားမျိုးနွယ်စုတွင်းဝင်ရောက်ရန် ဘုရားသခင်၏သားတော်သည် လူသားကလေးငယ်အသွင်ကိုဆောင်လျက် ရောက်ရှိလာသည်။

သူမသည် သားယောက်ျားကိုဖွားမြင်လိမ့်မည်။ ထိုသားသည် မိမိလူသားမျိုးနွယ်အား အပြစ်မှကယ်တင်မည့် အရှင်ဖြစ်သောကြောင့် သူ့ကို ယေရှုဟု နာမည်ခေါ်တွင်စေရမည်။ မဿဲ ၁း၂၁

လူ့ဇာတိအဖြစ်နှင့် လောကတွင်အသက်ထင်ရှားရှိတော်မူစဉ် အခါက ယေရှုခရစ်တော်၌ ဘုရားဇာတိတော်အပြည့်အဝ ကိန်းအောင်းတော်မူပေသည်။ ကောလောသဲ ၂း၉

## ယေရှုသည် လူသားတစ်ဖြစ်လဲ ဘုရားသခင်ဖြစ်တော်မူခြင်း။

ကမ္ဘာလောကကို ဖန်ဆင်းတော်မမူမီကပင် နှုတ်ကပတ်တော်ရှိတော်မူ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူ ရှိတော်မူ၏။ နှုတ်ကပတ်တော်သည် ဘုရားဖြစ်တော်မူ၏။ ထို့ပြင် နှုတ်ကပတ်တော်သည် လူ့ဇာတိအဖြစ်ကိုခံယူလျက် ငါတို့ထံတွင်စံနေတော်မူ၏။

ယောဟန် ၁း၁၊၁၄

ဤအမှုအရာများမှာ ပရောဖက်အားဖြင့် ထာဝရဘုရားပေးတော်မူခဲ့သော ဗျာဒိတ်တော်အတိုင်းဖြစ်ပျက်ခြင်းပင်ဖြစ်သည်။ ဗျာဒိတ်တော်ကား "အပျိုကညာသည် ကိုယ်ဝန်ဆောင်၍ သားယောကျာ်းကို ဖွားမြင်လိမ့်မည်။ ထိုသားကို ဧမာနွေလ၊ 'ငါတို့နှင့်အတူရှိတော်မူသောဘုရား' ဟု ခေါ်ဝေါ်သမုတ်ကြလိမ့်မည်။"

မဿဲ ၁း၂၂၊၂၃

အကြောင်းမူကား ငါတို့အဖို့သူငယ်ကိုဖွားမြင်၏။ ငါတို့အားသားကိုသနားတော်မူ၏။ ထိုသူသည် အုပ်စိုးခြင်းအာဏာစက်ရှိလိမ့်မည်။ နာမတော်မူကား အံ့ဩဖွယ်၊ တိုင်ပင်ဖက်၊ တန်ခိုးကြီးသော ဘုရားသခင်၊ ထာဝရအဖ၊ ငြိမ်သက်ခြင်းအရှင်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံတော်မူလိမ့်မည်။

ဟေရှာယ ၉း၆

## ယေရှုခရစ်တော် – ကျွန်ုပ်တို့အတွက် ပြီးပြည့်စုံစွာ စွန့်လွှတ်အနစ်နာခံသူ။



"ယေရှုသည် အပြစ်ကင်းတော်မူသောအရှင်ဖြစ်သည်။"

၂ ကော ၅း၂၁

"ကိုယ်တော်သည် အပြစ်မကျူး။" ၂ ပေတရ ၂း၂၂

ယေရှုမှလွဲ၍ လူသားကဆောင်ရွက်သော မည်သည့်စွန့်လွှတ် အနစ်နာခံခြင်းမျိုးမှ အပြစ်ဟူသမျှကိုဖယ်ရှားစေရန် ပြီးပြည့်စုံခြင်းမရှိပေ။

နွားသွေး၊ ဆိတ်သွေးတို့သည် အဘယ်အခါ၌ အပြစ်ဒုစရိုက်များကို ဖယ်ရှား၍မပေးနိုင်ပေ။ ဟေဗြဲ ၁၀း၄

ယေရှုသည် ဘုရားသခင်၏ သိုးသူငယ်ဖြစ်သည်။ "လောကသားတို့၏အပြစ်ကို ယူဆောင်သွားတော်မူသော ဘုရားသခင်၏ သိုးသူငယ်တော်ကို ကြည့်ကြလော့။" ယောဟန် ၁း၂၉

## ယေရှုက ကျွန်ုပ်တို့ကိုကယ်တင်ရန် သူ၏အသက်ကိုပေးလှူခြင်း။

ယေရှုသည် မိမိအားမုန်းတီးသော ကြမ်းကြုတ်သည့်လူတစ်စုကြောင့် သစ်သားလက်ဝါးကပ်တိုင်တွင် သံဖြင့်ရိုက်၍ အသတ်ခံရသည်။ သို့ရာတွင် သူ၏သေဆုံးခြင်းသည် ဘုရားသခင်၏အကြံအစည်ဖြစ်သည်။ ယေရှုသည် သူ၏လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ဆန္ဒအရ သင်နှင့်ကျွန်ုပ်တို့၏အပြစ်များမှ ကယ်တင်ရန်အတွက် သူ၏အသက်ကိုစွန့်လွှတ်ခဲ့သည်။

ယေရှုက "အဘယ်သူမျှငါ့အသက်ကို စွန့်စေသည်မဟုတ်။ ငါ့အလိုအလျောက်စွန့်ခြင်းဖြစ်၏။ ငါ့မှာ အသက်ကိုစွန့်ပိုင်ခွင့်၊ ပြန်ယူပိုင်ခွင့် ရှိ၏" ဟု မိန့်တော်မူ၏။ ယောဟန် ၁၀း၁၈

### ကျွန်ုပ်တို့သည် ဘုရားသခင်၏သိုးသူငယ် အသွေးတော်အားဖြင့် ကယ်တင်ခြင်းကိုရရှိကြသည်။

...သင်တို့သည် ရွှေ၊ ငွေအစရှိသည့် ဖောက်ပြန်ဖျက်စီးတတ်သော အရာအားဖြင့် ကယ်တင်ခြင်းကိုရရှိခြင်းမဟုတ်... အပြစ်အနာအဆာ ကင်းစင်သည့် သိုးသူငယ်နှင့်တူသော ခရစ်တော်၏အသက်တော်အားဖြင့်သာ ရရှိခြင်းဖြစ်သည်။ ၁ ပေတရု ၁း၁၈၊၁၉

### မည်သည့်စွန့်လွှတ်အနစ်နာခံခြင်းမျိုးမှ အပြစ်ဟူသမျှကို ဖယ်ရှားပေးနိုင်ခြင်းမရှိပေ။

ယေရှုခရစ်တော်၏ မိမိကိုယ်ခန္ဓာကို တစ်ခါတည်းအပြီးအပိုင် တင်လှူပူဇော်ခြင်းအားဖြင့် ငါတို့သည် သန့်စင်မှုကိုရရှိကြသည်။ ဟေဗြဲ ၁၀း၁၀




ခရစ်တော်အသေခံတော်မူခြင်းအားဖြင့် ငါတို့သည် ဘုရားသခင်နှင့် မှန်ကန်စွာဆက်ဆံခွင့်ကို ရရှိသည်ဖြစ်ရာ အမျက်တော်မှ ခရစ်တော်အားဖြင့် ပို၍ကယ်တင်ခြင်းကို ရရှိကြလိမ့်မည်။ ရောမ ၅း၉

အရှင်အုပ်စိုးရန်ကြွလာတော်မူသောအခါ အကျွန်ုပ်ကိုသတိရတော်မူပါ။
လုကာ ၂၃း၄၂

သို့ရာတွင် ငါတို့သည် အပြစ်ကျူးလျက်ရှိနေကြစဉ်ပင် ခရစ်တော်သည် ငါတို့အတွက် အသေခံတော်မူ၏။ ရောမ ၅း၈

# ဘုရားသခင်၏သားတော်ကို ယုံကြည်သူအပေါင်းသည် ရှင်သန်ခြင်းအသက်တာကိုရရှိမည်။

ဘုရားသခင်သည် လောကသားတို့ကို လွန်စွာချစ်တော်မူသဖြင့် သားတော်အားယုံကြည်သူအပေါင်းတို့သည် ပျက်စီးဆုံးပါးခြင်းမရှိဘဲ ထာဝရအသက်တာကို ရစေခြင်းငှာ မိမိ၏တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူ၏။ ယောဟန် ၃း၁၆

ကိုယ်တော်သည်ငါတို့အား မှောင်မိုက်၏တန်ခိုးမှ ကယ်နှုတ်တော်မူ၍ မိမိချစ်မြတ်နိုးတော်မူသော သားတော်၏နိုင်ငံတော်ထဲသို့ ခေါ်သွင်းတော်မူ၏။ ဘုရားသခင်သည် ထိုသားတော်အားဖြင့် ငါတို့ကို လွတ်မြောက်စေတော်မူပြီး တစ်နည်းအားဖြင့် ငါတို့၏အပြစ်များကို ဖြေလွှတ်တော်မူပြီ။

ကောလောသဲ ၁း၁၃၊၁၄

# ယေရှုထမြောက်ပြီ



ကောင်းကင်တမန်က အမျိုးသမီးတို့အား "မကြောက်ကြနှင့်။ လက်ဝါးကပ်တိုင်တွင်တင်၍ အသတ်ခံရသည့် ယေရှုကို သင်တို့ရှာနေကြောင်းကို ငါသိ၏။ ကိုယ်တော်သည် ယခင်ကမိန့်တော်မူသည့်အတိုင်း သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူပြီ။ လျောင်းတော်မူသည့်နေရာကို ကြည့်ကြလော့" ဟု ဆို၏။ မဿဲ ၂၈း၅၊၆

## ယေရှုသေခြင်းမှ ရှင်ပြန်ထမြောက်ခြင်း

ယေရှုက "ငါသည် အသက်ရှင်တော်မူသောသူဖြစ်၏။ ငါသည် သေခဲ့၏။ ယခုမှာမူ ကမ္ဘာအဆက်ဆက်အသက်ရှင်လျက်ရှိ၏။ ငါသည်သေခြင်းတရားနှင့် မရဏာနိုင်ငံကိုအစိုးရ၏" ဟု မိန့်တော်မူ၏။

ဗျာဒိတ် ၁း၁၈

ငါသည် အသက်ရှင်သောကြောင့် သင်တို့သည်လည်း အသက်ရှင်ကြလိမ့်မည်။ ယောဟန် ၁၄း၁၉

ခရစ်တော်မှ သေခြင်းကိုအောင်နိုင်၍ မရဏာနိုင်ငံကိုအစိုးရလျှင် ကျွန်ုပ်တို့သည် သေခြင်းတရားကို စိုးရိမ်ကြောက်ရွံ့ရန်မလိုတော့ပါ။

ကျွန်တော်မျိုးသည် ကြောက်လန့်သောအခါ ကိုယ်တော်ရှင်အား ကိုးစားပါ၏။ ဆာလံ ၅၆း၃

**ယေရှုသည် သင့်ကို ကယ်တင်လို၍ သင့်အတွက် ဆုတောင်းပေးနေသည်။**

သို့ရာတွင် သခင်ယေရှုသည် နိစ္စထာဝရအသက်ရှင်တော်မူ၍ မိမိကိုအမှီပြုပြီး ဘုရားသခင်ထံတော်သို့ ချဉ်းကပ်ကြသူအပေါင်းတို့အား ဘုရားသခင်ထံတော်တွင် အသနားခံရန် ထာဝစဉ်အသက်ရှင်လျက်ရှိတော်မူသည်။ ဟေဗြဲ ၇း၂၄၊၂၅

# သင်နှင့်ကျွန်ုပ်သည် ထာဝရအသက်တာကို ရယူနိုင်ကြသည်။




**သင်မည်သည့်လမ်းကို ဦးတည်မည်နည်း။**

ယေရှုခရစ်တော်ကို ယုံကြည်ခြင်းသည် ဘုရားသခင်နှင့်အတူ ထာဝရအသက်တာရရှိနိုင်မည့်လမ်းဖြစ်သည်။

စာတန်မာရ်နတ်ကိုယုံကြည်ခြင်းသည် ထာဝရသေဆုံးခြင်းကို ဦးတည်သောလမ်းဖြစ်သည်။

ဤကလေးငယ်သည် ထာဝရအသက်တာလမ်းကို မှန်ကန်စွာ ရွေးချယ်သည်။

## သင်မည်သည့်လမ်းကို ရွေးချယ်မည်နည်း။

"သင် အဘယ်မည်သောဘုရားအား ဝတ်ပြုမည်ကို ယနေ့ပင် ရွေးချယ်လော့။" ယောရှု ၂၄း၁၅

သင်နှင့်သင့်အမျိုးအနွယ် အသက်ရှင်ခြင်းအကြောင်း ယနေ့ပင် သင့်အသက်တာကို ရွေးချယ်လော့။ တရား ၃၀း၁၉

### ယေရှုသည် ထာဝရအသက်တာလမ်းဖြစ်သည်။

ထိုအရှင်တစ်ပါးတည်းသာလျှင် ကယ်တင်နိုင်၏။ ကမ္ဘာပေါ်တွင် ထိုအရှင်မှတစ်ပါး ငါတို့ကိုကယ်တင်နိုင်သူ တစ်စုံတစ်ယောက်မျှမရှိ။ တမန်တော် ၄း၁၂

ငါတစ်ပါးသည် ထာဝရဘုရားဖြစ်၍ ငါမှတစ်ပါး ကယ်တင်သော သခင်မရှိ။ ဟေရှာယ ၄၃း၁၁

# ကျွန်ုပ်တို့ထာဝရအသက်တာရရန် ယေရှုရှင်ကို အဘယ်ကြောင့် ရွေးချယ်ရမည်နည်း။

၁။ ယေရှုသည် ကမ္ဘာမြေသို့ သက်ဆင်းလာခဲ့သည်။

ငါမူကား သင်တို့ ကြွယ်ဝပြည့်စုံသော အသက်တာကိုရရန် လာသတည်း။ ယောဟန် ၁၀း၁၀




၂။ ခရစ်တော်သည် ကျွန်ုပ်တို့ကို ချစ်မြတ်နိုး၍ ကျွန်ုပ်တို့အတွက် အသေခံသည်။

ဘုရားသခင်၏သားတော်သည် ငါ့ကိုချစ်တော်မူသဖြင့် ငါ၏အတွက် မိမိအသက်ကို စွန့်တော်မူ၏။ ဂလာတိ ၂း၂၀

ယေရှုသည် ကျွန်ုပ်တို့ကဲ့သို့ အသွေးအသားနှင့်ဖွဲ့စည်းထားသော လူသားဖြစ်သည်။ "...အကြောင်းမှာ သေခြင်းကိုအစိုးရသည့် မာရ်နတ်၏ တန်ခိုးကို ချိုးနှိမ်ပစ်ရန်ဖြစ်၏။ ဤနည်းအားဖြင့် သေဘေးကိုကြောက်သဖြင့် တစ်သက်လုံး ကျွန်ခံလျက်နေကြရသောသူတို့ကို လွတ်မြောက်စေတော်မူပေသည်။"

ဟေဗြဲ ၂း၁၄၊၁၅

၃။ ယေရှု၏အသွေးတော်သည်သာ ကျွန်ုပ်တို့အပြစ်များအတွက် ပျောက်ကင်းစေနိုင်သည့်နည်းလမ်းဖြစ်သည်။

လူ့အပြစ်ကို ဖြေသောအရာကား အသွေးပင်ဖြစ်သည်။ ဝတ် ၁၇း၁၁

ဘုရားသခင်၏သားတော် သခင်ယေရှု၏သွေးတော်သည် ငါတို့၏ အပြစ်ရှိသမျှကို ဆေးကြောစင်ကြယ်စေတော်မူလိမ့်မည်။

၁ ယောဟန် ၁း၇

သားတော်၏အသွေးတော်အားဖြင့် ငါတို့သည် လွတ်မြောက်ခြင်းကို ရ၍ အပြစ်မှဖြေလွှတ်ခြင်းကို ခံယူရရှိပြီ။ ကောလောသဲ ၁း၁၄

၄။ ခရစ်တော်သည် သေခြင်းမှရှင်ပြန်ထမြောက်သူဖြစ်သည်။

ခရစ်တော်သည် သေခြင်းမှရှင်ပြန်ထမြောက်တော်မူသဖြင့် နောင်အစဉ် သေခြင်းတရားနှင့် ကင်းလွတ်တော်မူကြောင်းကို ငါတို့သိကြ၏။ သေခြင်းတရားသည် ကိုယ်တော်ကိုအစိုးမရတော့ပေ။ ရောမ ၆း၉

ကိုယ်တော်သည် လူအပေါင်းတို့အတွက် အသေခံခြင်းမှ လူတို့သည် အသက်ရှင်စဉ် ကိုယ်ကျိုးအတွက် ဆက်လက်အသက်မရှင်ကြတော့ဘဲ မိမိတို့အတွက် အသက်ကိုစွန့်တော်မူပြီးနောက် သေခြင်းမှရှင်ပြန်ထမြောက်တော်မူသော အရှင်၏အဖို့ အသက်ရှင်ကြစေရန်ဖြစ်သည်။

၂ ကော ၅း၁၅



ယေရှုက "ငါသည် အသက်ရှင်သောကြောင့် သင်တို့သည်လည်း အသက်ရှင်ကြလိမ့်မည်" ဟု မိန့်တော်မူ၏။ ယောဟန် ၁၄း၁၉

၅။ ထာဝရရှင်သန်ခွင့်ရရန် ကျွန်ုပ်တို့နှလုံးအိမ်၌ ခရစ်တော်၏ဝိညာဉ် ကျိန်းဝပ်ရန် လိုအပ်ပေသည်။

ခရစ်တော်သည် သင်၏စိတ်အတွင်း၌ ကျိန်းဝပ်တော်မူလျှင် ဘုရားသခင်နှင့်အတူ ဘုန်းအသရေတော်ကိုခံစားရမည်။

ကောလောသဲ ၁း၂၇

သခင်ယေရှုကို သေခြင်းမှရှင်ပြန်ထမြောက်စေတော်မူသော ဘုရားသခင်၏ဝိညာဉ်သည် သင်တို့အထဲ၌ကျိန်းဝပ်တော်မူလျှင် ခရစ်တော်ကို သေခြင်းမှရှင်ပြန်ထမြောက်စေတော်မူသောအရှင်သည် သင်တို့အထဲ၌ ကျိန်းဝပ်သော မိမိ၏ဝိညာဉ်တော်အားဖြင့် သေတတ်သောသင်တို့၏ ကိုယ်ခန္ဓာကိုလည်း ရှင်စေတော်မူလိမ့်မည်။ ရောမ ၈း၁၁

**ခရစ်တော်၏ဝိညာဉ် သင့်၌ကျိန်းဝပ်ရန် ဖိတ်ခေါ်ပါ။**

ခရစ်တော်၏ဝိညာဉ်တော် မကျိန်းဝပ်သောသူသည် ခရစ်တော်နှင့် မည်သို့မျှ မသက်ဆိုင်။ ရောမ ၈း၉

# ယေရှုသည် ကလေးသူငယ်များကို ချစ်မြတ်နိုးတော်မူသည်။



"ယေရှုမေတ္တာငါသိ၏ သမ္မာကျမ်းမှသိရ၏။"

ကိုယ်တော်သည် ကလေးသူငယ်တို့ကို ပွေ့ချီတော်မူလျက် သူတို့အပေါ်တွင် လက်တော်ကိုတင်၍ ကောင်းကြီးပေးတော်မူ၏။ မာကု ၁၀း၁၆

သခင်ယေရှုသည် ကလေးတို့ကိုခေါ်လျက် "ကလေးသူငယ်တို့ ငါ့ထံသို့လာကြပါစေ။ မဆီးတားကြနှင့်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏နိုင်ငံတော်သည် ထိုသို့သောသူတို့၏ နိုင်ငံဖြစ်သောကြောင့်တည်း" ဟု မိန့်တော်မူ၏။ လုကာ ၁၈း၁၆

ကောင်းကင်ဘုံရှင် သင်တို့၏အဖသည် ဤကလေးသူငယ်တစ်စုံတစ်ယောက် ပျောက်ဆုံးလမ်းလွဲသွားသည်ကို အလိုတော်မရှိ။
မဿဲ ၁၈း၁၄

သင်မည်သူပင်ဖြစ်ဖြစ်၊ မည်သည့်နေရာတွင်ရှိရှိ ယေရှုသည် သင့်ကို အစဉ်ချစ်မြတ်နိုး၍ သင့်အတွက် အသေခံခဲ့သည်။ ထို့နည်းတူ ယေရှုကလည်း သင့်ထံမှ တုံ့ပြန်မှုကို ရလိုသည်။ ယေရှုအား သင်ချစ်မြတ်နိုးကြောင်းကို သူ၏အမိန့်နာခံခြင်းအားဖြင့် သင်ပြသနိုင်သည်။

သင်တို့သည် ငါ့ကိုချစ်လျှင် ငါ၏ပညတ်ကိုစောင့်ထိန်းလိမ့်မည်။
ယောဟန် ၁၄း၁၅

သူငယ်သည် စင်သည်မစင်သည်၊ မှန်သည်မမှန်သည်ကို သူပြုသော အမှုအရာအားဖြင့် သိရ၏။ သုတ္တံ ၂၀း၁၁

# ဘုရားသခင်၏လမ်းကို သင်မည်သို့ရှာဖွေမည်နည်း။

၁။ သင်အပြစ်သားဖြစ်ကြောင်းဝန်ခံပါ။

လူမှန်သမျှသည် အပြစ်ကျူးသူများဖြစ်၍ ဘုရားသခင်၏ ရှေ့တော်မှောက်မှ ဝေးကွာစွာနေရကြ၏။ ရောမ ၃း၂၃

၂။ ယေရှုခရစ်တော်အားဖြင့် ဘုရားသခင်ထံဝင်ရောက်ပါ။

ဘုရားသည် တစ်ဆူတည်းရှိတော်မူ၍ ဘုရားနှင့်လူအကြားတွင် စေ့စပ်ပေးသူ လူခရစ်တော်ယေရှုတစ်ပါးတည်းသာ ရှိပေသည်။

၁ တိမောသေ ၂း၅

ကိုယ်တော်သည် မိမိကိုအမှီပြု၍ ဘုရားသခင်ထံတော်သို့ ချဉ်းကပ်ကြသူအပေါင်းတို့အား အခါခပ်သိမ်းကယ်တင်တော်မူနိုင်၏။

ဟေဗြဲ ၇း၂၅

ယေရှုက "ငါ့ထံလာသောသူကို ငါသည်ပစ်ပယ်လိမ့်မည်မဟုတ်" ဟု မိန့်တော်မူ၏။ ယောဟန် ၆း၃၇

၃။ သင်၏အပြစ်များအတွက် နောင်တရပါ။

ဘုရားသခင်သည် သင်တို့၏ အပြစ်များကို ဖြေလွှတ်တော်မူစေရန် နောင်တရ၍ ပြောင်းလဲကြလော့။ တမန်တော် ၃း၁၉

လူအချို့တို့ထင်မှတ်သကဲ့သို့ ထာဝရဘုရားသည် မိမိ၏ကတိတော်ကို အကောင်အထည်ဖေါ်ရန် နှောင့်နှေးလျက်နေတော်မူသည်မဟုတ်၊ မည်သူမျှမပျက်စီးဘဲ လူတိုင်းနောင်တရစေရန် အလိုတော်ရှိ၍ သင်တို့ကိုသည်းခံတော်မူပေသည်။ ၂ ပေတရု ၃း၉




၄။ သင်၏အပြစ်များကို ယေရှုထံတွင်ဝန်ခံပါ။

အပြစ်ဝန်ချကြလျှင် ကတိတည်တော်မူ၍ တရားမျှတတော်မူသော ဘုရားသခင်သည် ငါတို့၏အပြစ်များကိုဖြေလွှတ်လိမ့်မည်။

အောက်ပါမျဉ်းတားထားသောနေရာတွင် လက်ဖဝါးတော်အတွင်းရှိ ၁ ယောဟန် ၁း၉ ကျမ်းချက်ကိုရေးပါ။

---------------------------------------------

---------------------------------------------

---------------------------------------------

၅။ သင်၏အပြစ်များကို စွန့်လွှတ်ပါ။

မိမိအပြစ်များကို ကွယ်ဝှက်ထားရန်ကြိုးစားသူသည် ဤဘဝတွင် အဘယ်အခါမျှ ကောင်းစားလိမ့်မည်မဟုတ်ဘဲ ထိုအပြစ်များကို ဖော်ပြဝန်ခံကာ စွန့်လွှတ်သူသည်သာလျှင် ဘုရားသခင်၏ကရုဏာတော်ကို ခံစားရလိမ့်မည်။ သုတ္တံ ၂၈း၁၃

ဒုစရိုက်ကိုရှောင်ကြဉ်၍ သုစရိုက်ကိုပြုလော့။ ဆာလံ ၃၇း၂၇

၆။ ယေရှုခရစ်တော်ကို ယုံကြည်ပါ။

သင်သည် သခင်ယေရှုအရှင်သခင်ဖြစ်တော်မူကြောင်းကို နှုတ်ဖြင့်ဝန်ခံ၍ ဘုရားသခင်သည်ထိုအရှင်အား သေခြင်းမှရှင်ပြန်ထမြောက်စေတော်မူကြောင်းကို စိတ်နှလုံးထဲ၌ယုံကြည်လျှင် ဘုရားသခင်သည် သင်တို့ကိုကယ်တင်တော်မူလိမ့်မည်။ ရောမ ၁၀း၉

သင်တို့သည် ယုံကြည်ခြင်းအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းကိုခံရ၏။ သင်တို့၏ ကြိုးစားအားထုတ်မှုကြောင့် ခံကြရသည်မဟုတ်။ ဘုရားသခင် ချပေးတော်မူသောဆုဖြစ်၍ အဘယ်သူမျှဝါကြွားစရာအကြောင်းမရှိ။ ဧဖက် ၂း၈၉



သခင်ယေရှုကိုယုံကြည်လော့။ သို့ယုံကြည်လျှင် သင်နှင့် အိမ်သူအိမ်သားတို့သည် ကယ်တင်ခြင်းကို ခံရကြလိမ့်မည်။
တမန်တော် ၁၆း၃၁

၇။ သင်၏စိတ်နှလုံးနှင့်အသက်တာအတွက် ယေရှုခရစ်တော်ကို လက်ခံပါ။

သင်သည်သာလျှင် ယေရှုခရစ်တော်အား သင်၏နှလုံးအိမ်တံခါးကို ဖွင့်၍ဝင်ရောက်ရန် ဖိတ်ခေါ်နိုင်သူဖြစ်သည်။



"နောင်တရလော့။ ငါသည် တံခါးရှေ့တွင်ရပ်၍ တံခါးခေါက်လျက်နေ၏။ ငါ၏အသံကိုကြား၍ တံခါးကိုဖွင့်သောသူ၏အိမ်သို့ ငါဝင်ပြီးလျှင် သူနှင့်အတူစားသောက်မည်။ သူသည်လည်းငါနှင့်အတူစားသောက်ရလိမ့်မည်။ ဗျာဒိတ် ၃း၂၀

သို့ရာတွင် လူအချို့တို့သည် ကိုယ်တော်ကို ယုံကြည်လက်ခံသဖြင့် ဘုရားသခင်၏ သားသမီးများဖြစ်ခွင့်ကို ရကြ၏။ ယောဟန် ၁း၁၂

# ဆုတောင်းရန်နည်းလမ်း

သင်သည် ယခင်ကဆုတောင်းခဲ့ဖူးခြင်းမရှိဘဲ ကူညီလမ်းပြမှု လိုအပ်ပါက အောက်ပါဆုတောင်းချက်နည်းလမ်းကို လိုက်နာပါ။



ချစ်လှစွာသောသခင်ယေရှု၊

ကျွန်ုပ်၏အပြစ်များကို ဖယ်ရှားရန်အတွက် ကားတိုင်တွင် အသေခံခြင်းအတွက် ကျေးဇူးတင်ရှိပါ၏။ ကျွန်ုပ်ပြုမိသော အပြစ်များ အတွက်ဝန်ချတောင်းပန်ပါ၏။ ကျွန်ုပ်၏နှလုံးအိမ်တွင် ထာဝရ ကိန်းဝပ်ရန်အတွက် သင့်အားဖိတ်ခေါ်ပါ၏။ ကျွန်ုပ်၏စိတ်နှလုံး စင်ကြယ်အောင်ပြုပြင်ရန်အတွက် သင့်အားယခုပင်ယုံကြည်ပါ၏။ သင့်အား ကျွန်ုပ်၏အရှင်သခင်နှင့် ကယ်တင်ရှင်အဖြစ်လက်ခံပါ၏။

ခရစ်တော်၏နာမဖြင့်၊ အာမင်။

## ယေရှု သင်၏နှလုံးအိမ်ဝယ်ရှိလျှင် ထာဝရအသက်တာကိုရရှိမည်။

ဘုရားသခင်သည်ငါတို့အား ထာဝရအသက်ကို ပေးသနားတော်မူကြောင်း၊ ထိုအသက်ကို သားတော်အားဖြင့်ရရှိကြောင်း ဘုရားသခင်သက်သေခံတော်မူ၏။ ၁ ယောဟန် ၅း၁၁၊၁၂

ငါ၏စကားကိုကြားနာ၍ ငါ့ကိုစေလွှတ်တော်မူသောအရှင်ကိုယုံကြည်သူသည် သေခြင်းမှအသက်ရှင်ခြင်းသို့ ကူးပြောင်းသောသူဖြစ်၏။
ယောဟန် ၅း၂၄

သင်၏ခန္ဓာသေဆုံးလျှင် ဝိညာဉ်သည်သခင်ဘုရားနှင့်အတူရှိတော်မူ၏။ ၂ ကော ၅း၈

ခရစ်တော်သည် သင်၏စိတ်အတွင်း၌ ကျိန်းဝပ်တော်မူလျှင် ဘုရားသခင်နှင့်အတူ ဘုန်းအသရေတော်ကို ခံစားရမည်။
ကောလောသဲ ၁း၂၇

ယေရှုထံ သင်၏အပြစ်များကို ခွင့်လွှတ်ရန် ဝန်ချတောင်းပန်၍ သခင်ယေရှုခရစ်တော်အား ကယ်တင်ရှင်အဖြစ်ယုံကြည်လျှင် အောက်တွင်သင်၏အမည်ကို ရေးပါ။

---

## ယေရှုနှင့်အတူတစ်ကွ မည်သို့လိုက်လျှောက်မည်နည်း။

သမ္မာကျမ်းမှကျမ်းချက်များကို နေ့စဉ်ဖတ်ရှုလေ့လာပါ။ သင့်အတွက် အထောက်အကူဖြစ်မည့် ကျမ်းချက်များကိုလည်း နှလုံးအိမ်တွင် စွဲမြဲစွာမှတ်သားထားပါ။



ကျမ်းစာတော်မှန်သမျှကို ဘုရားသခင်၏လမ်းညွှန်မှုဖြင့် ရေးသားပြုစုထားသဖြင့် ထိုကျမ်းစာတော်သည်သမ္မာတရားကို သွန်သင်ခြင်း၊ ဆုံးမ ဩဝါဒပေးခြင်း၊ အမှားများကိုပြုပြင်ခြင်း၊ လျှောက်ပတ်စွာသက်ရှင်နေထိုင် တတ်ရန် လမ်းညွှန်ခြင်းတို့ကိုပြုလေသည်။ ၂ တိမောသေ ၃း၁၆

# အချိန်တိုင်းဘုရားသခင်နှင့်အတူတစ်ကွဆုတောင်းပါ။

ဘဝကိုပြီးပြည့်စုံစေသော ဘုရားသခင်ဖန်ဆင်းသည့်အရာအားလုံးအတွက် ကျေးဇူးတော်ချီးမွမ်းပါ။ သင့်ဝိညာဉ်ကယ်တင်ခြင်းနှင့် သင့်အတွက်ဆောင်ရွက်ပေးသောအရာများအတွက် ဂုဏ်တော်ချီးမွမ်းပါ။ ယေရှု၏နာမကိုအမှီပြု၍ သင်လိုအပ်သမျှကို တောင်းလျှောက်ပါ။



ကိုယ်တော်သည် မိမိအလိုတော်နှင့်အညီ တောင်းလျှောက်သော ပတ္ထနာကို နားညောင်းတော်မူသည်။

၁ ယောဟန် ၅း၁၄

ယေရှုက "ငါ၏နာမကို အမှီပြု၍ တောင်းလျှောက်သောအရာတို့ကို ခမည်းတော်သည်သင်တို့အား ချပေးတော်မူလိမ့်မည်" ဟု မိန့်တော်မူ၏။

ယောဟန် ၁၆း၂၃

"အချင်းချင်းအတွက် ဆုတောင်းကြလော့။" ယာကုပ် ၅း၁၆

"သင်တို့ကို နှိပ်စက်ညှင်းဆဲသူတို့အတွက် မေတ္တာပို့ကြလော့။"

မဿဲ ၅း၄၄

# ယေရှုက သူ၏တပည့်တော်များကိုသင်ကြားပေးသော ဆုတောင်းချက်။

ယေရှုက သူ၏တပည့်တော်များကို ဤသို့ဆုတောင်းရန် မိန့်တော်မူသည်။

"ကောင်းကင်ဘုံရှင်အကျွန်ုပ်တို့၏အဖ၊ ကိုယ်တော်၏နာမတော်အား ရိုသေလေးမြတ်ကြပါစေသော။ နိုင်ငံတော်တည်ပါစေသော။ အလိုတော်သည် ကောင်းကင် ဘုံ၌ပြည့်စုံသကဲ့သို့ မြေကြီးပေါ်၌လည်း ပြည့်စုံပါစေသော။ ယနေ့အတွက် လိုအပ်သော အစားအစာကို၊ အကျွန်ုပ်တို့အား ပေးသနားတော်မူပါ။ အကျွန်ုပ်တို့ကို ပြစ်မှားသောသူတို့၏ အပြစ်များကို အကျွန်ုပ်တို့ဖြေလွှတ်သကဲ့သို့ အကျွန်ုပ်တို့၏အပြစ်များကိုလည်း ဖြေလွှတ်တော်မူပါ။ အကျွန်ုပ်တို့အားကြီးမားသော စုံစမ်းသွေးဆောင်ခြင်းကို ခံစေတော်မမူဘဲ၊ စာတန်မာရ်နတ်ဘေးရန်မှ ကာကွယ်တော်မူပါ။ အဖဘုရားသခင်၏ နိုင်ငံတော်၊ တန်ခိုးတော်နှင့် ဂုဏ်တော်သည် ထာဝရ တည်ပါစေသော။ အာမင်။"

ဤဆုတောင်းချက်ကိုယုံကြည်သူခရစ်ယာန်များသည် စိတ်ထဲစွဲမြဲစွာ မှတ်သား၍ အတူတစ်ကွရွတ်ဆိုသင့်ကြပေသည်။

## ဘုရားသခင်၏ ပညတ်တော်ဆယ်ပါးက ကျွန်ုပ်တို့မည်သို့နေထိုင်ရမည်ကို သင်ကြားပေးသည်။

ပထမဆုံးအချက်လေးချက်သည် ဘုရားသခင်အတွက် အကျွန်ုပ်တို့၏ ချစ်ခြင်းမေတ္တာကိုဖော်ပြသည်။

၁။ ငါမှတစ်ပါးအခြားသောဘုရားကို မကိုးကွယ်ရ။

၂။ ဤကမ္ဘာမြေပေါ်ရှိအရာဝတ္ထုများနှင့် ပုံသဏ္ဍာန်တူသောရုပ်ဆင်းတုကို သင့်အဖို့မလုပ်နှင့်။ ဦးမချ၊ ဝတ်မပြုနှင့်။

၃။ သင်၏ဘုရားသခင် ထာဝရဘုရား၏နာမတော်ကို မုသားနှင့်ဆိုင်၍ မမြွက်ဆိုနှင့်။

၄။ ဥပုသ်နေ့ကိုသန့်ရှင်းစေခြင်းငှာ ထိုနေ့ကိုအောက်မေ့လော့။

နောက်ဆက်တွဲအချက်ခြောက်ချက်သည် လူသားအတွက် ကျွန်ုပ်တို့၏ ချစ်ခြင်းမေတ္တာကိုဖော်ပြသည်။

၅။ သင်၏မိဘကို ရိုသေစွာဝတ်ပြုလော့။

၆။ လူ့အသက်ကို မသတ်နှင့်။

၇။ သူ့မယားကိုမပြစ်မှားနှင့်။

၈။ သူ့ဥစ္စာကိုမခိုးနှင့်။

၉။ ကိုယ်နှင့်စပ်ဆိုင်သောသူတစ်ဘက်၌ မမှန်သောသက်သေကိုမခံနှင့်။

၁၀။ ကိုယ်နှင့်စပ်ဆိုင်သောသူ၏ ဥစ္စာတစ်စုံတစ်ခုကိုမျှ တပ်မက်လိုချင်သောစိတ်မရှိစေနှင့်။

## ဘုရားသခင်ကိုနာခံခြင်းသည် ကျွန်ုပ်တို့ဆုတောင်းခြင်းအတွက် အဖြေကို ဆောင်ကြဉ်းပေးသည်။

ငါတို့သည် ကိုယ်တော်၏ပညတ်တော်ကိုစောင့်ထိန်းသူများ ကိုယ်တော်နှစ်သက်တော်မူသောအမှုတို့ကို ပြုသူများဖြစ်သဖြင့် ငါတို့တောင်းလျှောက်သမျှသောအရာတို့ကို အထံတော်မှရရှိကြ၏။

၁ ယောဟန် ၃း၂၂

# အကြီးမြတ်ဆုံးသော ပညတ်တော်နှစ်ပါး

## ဘုရားသခင်အတွက် ချစ်ခြင်းမေတ္တာ

ယေရှုက "သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်စွမ်းရှိသမျှ၊ ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှနှင့် ချစ်ရမည်ဟူသော ပညတ်တော်သည် ပထမအကြီးမြတ်ဆုံး ပညတ်ဖြစ်၏" ဟု မိန့်တော်မူ၏။

မဿဲ ၂၂း၃၇၊၃၈

## လူသားအတွက်ချစ်ခြင်းမေတ္တာ

"ဒုတိယအကြီးမြတ်ဆုံးသောပညတ်တော်သည်ကား အိမ်နီးချင်းကို ကိုယ်နှင့်အမျှချစ်ရမည်ဟူသော ပညတ်ဖြစ်၏။" မဿဲ ၂၂း၃၉

ပညတ်တော်ဆယ်ပါးသည် ဤအကြီးမြတ်ဆုံးသော ပညတ်တော်နှစ်ပါးတွင် အပါအဝင်ဖြစ်သည်။



# အရာအားလုံးထက်ကြီးမြတ်သော ချစ်ခြင်းမေတ္တာ

ငါသည်လူဘာသာစကားများနှင့် ကောင်းကင်တမန်ဘာသာစကားများကို ပြောနိုင်သော်လည်း မေတ္တာမရှိလျှင် ပဲ့တင်ခတ်သည့် မောင်းကဲ့သို့၎င်း၊ အသံမြည် သည့် လင်ကွင်းကဲ့သို့၎င်းဖြစ်၏။ ငါသည်ဗျာဒိတ်တော်အားဖြင့် ဟောပြောနိုင်သော်၎င်း၊ နက်နဲသောအရာဟူသမျှနှင့် အတတ်ပညာဟူသမျှတို့ကို နားလည်တတ်ကျွမ်းသော်၎င်း၊ ငါ၏ဥစ္စာရှိသမျှကို ပေးကမ်းစွန့်ကြဲသည်သာမက ကိုယ်ခန္ဓာကိုမီးဖြင့်ပူဇော်သော်လည်း မေတ္တာမရှိလျှင်ငါ့၌အကျိုးမရှိ။ မေတ္တာသည် သည်းခံတတ်၏။ ကြင်နာသနားတတ်၏။ မနာလိုစိတ်မရှိ။ မေတ္တာသည်ကြွားဝါမှုမရှိ။ မာန်မာနမရှိ။ မလျောက်ပတ်သည့်အမှုကိုမပြုတတ်။ ကိုယ်ကျိုးကိုမရှာတတ်။ ဒေါသအမျက်မထွက်တတ်။ သူတစ်ပါး၏အပြစ်ကို မှတ်၍မထားတတ်။ မကောင်းမှုဒုစရိုက်ကြောင့် ဝမ်းမြောက်ဝမ်းသာမရှိတတ်။ သမ္မာတရားကြောင့် ဝမ်းမြောက်တတ်၏။ မည်သည့်အခါ၌ လက်အလျှော့မပေးတတ်။ မေတ္တာသည်အမြဲယုံကြည်တတ်၏။ အမြဲမျှော်လင့်တတ်၏။ အမြဲသည်းခံတတ်၏။ မေတ္တာသည်ထာဝစဉ်တည်၏။ ဗျာဒိတ်တော်အားဖြင့် ဟောပြောနိုင်သောစွမ်းရည်သည်၎င်း၊ ထူးဆန်းသောဘာသာစကားအမျိုးမျိုးကို ပြောနိုင်သောအခွင့်သည်၎င်း၊ အသိပညာသည်၎င်း အမြဲမတည်ဘဲ

ကွယ်ပျောက်လိမ့်မည်။

ယခုတွင်ပါရမီသုံးပါးတည်းဟူသော ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ ချစ်ခြင်းတည်လျက်ရှိ၏။ ဤသုံးပါးတွင် ချစ်ခြင်းမေတ္တာသည် အမြတ်ဆုံးဖြစ်သတည်း။ ၁ ကော ၁၃း၁-၈၊၁၃

## ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူသည်။

ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။ ချစ်တတ်သော သူသည် ဘုရားသခင်နှင့်တစ်လုံးတစ်ဝတည်းရှိ၏။ ဘုရားသခင်သည်လည်း ထိုသူနှင့်တစ်လုံး တစ်ဝတည်းရှိတော်မူ၏။ ၁ ယောဟန် ၄း၁၆

## ယေရှုသည် သင့်အားသူတစ်ပါးထံသက်သေခံရန် အလိုရှိတော်မူသည်။

## (အိမ်၊ ကျောင်း၊ ဘုရားကျောင်းနှင့် နေရာတိုင်းတွင်)



ယေရှုက "သင်၏အိမ်သို့သွားလော့။ ဘုရားသခင်သည် သင့်အား မည်မျှကျေးဇူးပြုတော်မူကြောင်းနှင့် မည်သို့သနားတော်မူကြောင်းကို ဆွေမျိုးသားချင်းတို့အား ပြောပြလော့" ဟု မိန့်တော်မူသည်။

မာကု ၅း၁၉

## ဘုရားသခင်၏ စစ်မှန်သောသားတော်အဖြစ် မည်သို့သိရှိနိုင်မည်နည်း။

ထိုသူတို့၏အပြုအမူအားဖြင့် သင်တို့သိရှိကြလိမ့်မည်။ မဿဲ ၇း၂၀

ဝိညာဉ်ကဖြစ်သောအသီးအပွင့်ကား ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်သည်းခံခြင်း၊ သနားကြင်နာခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ မိမိကိုယ်ကိုချုပ်တည်းခြင်းတို့ဖြစ်ပေသည်။ ဂလာတိ ၅း၂၂၊၂၃

## ဘုရားသခင်၏ စစ်မှန်သောသားတော်သည် သူတစ်ပါးကို ခွင့်လွှတ်သည်။

သင်တို့သည် သူတစ်ပါးတို့ပြစ်မှားသည့်အပြစ်များကို ဖြေလွှတ်ပါလျှင် ကောင်းကင်ဘုံရှင်သင်တို့၏အဖသည်လည်း သင်တို့၏အပြစ်များကို ဖြေလွှတ်တော်မူလိမ့်မည်။ မဿဲ ၆း၁၄

## ထာဝရဘုရား စက်ဆုပ်ရွံရှာတော်မူသောအရာခုနစ်ပါး။

မာန်မာနထောင်လွှားသည့် မျက်နှာတစ်ပါး၊ မုသားပြောတတ်သည့်နှုတ်တစ်ပါး၊ အပြစ်ကင်းသူတို့အား သတ်ဖြတ်သည့်လက်တစ်ပါး၊ ဆိုးယုတ်မှုကိုကြံစည်သည့်စိတ်နှလုံးတစ်ပါး၊ မကောင်းမှုပြုရန် လျင်မြန်စွာသွားတတ်သည့်ခြေတစ်ပါး၊ မုသားကိုပြောသော မမှန်သည့်သက်သေတစ်ပါး၊ မိတ်ဆွေအချင်းချင်း ရန်တိုက်ပေးတတ်သူတစ်ပါးတို့ဖြစ်ပေသည်။

သုတ္တံ ၆း၁၇–၁၉




လူ့ဇာတိနှင့်ဆိုင်သောအပြုအမူများမှာ– ကာမဂုဏ်လိုက်စားခြင်း၊ ညစ်ညမ်းခြင်း၊ အကျင့်ပျက်ခြင်း၊ ရုပ်တုကိုကိုးကွယ်ခြင်း၊ စုန်းအတတ်ဖြင့်ပြုစားခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ခိုက်ရန်ဖြစ်ခြင်း၊ မနာလိုခြင်း၊ အမျက်ထွက်ခြင်း၊ ကြီးပွားကျော်ကြားလိုစိတ်ရှိခြင်း၊ စိတ်ဝမ်းကွဲခြင်း၊ ဂိုဏ်းကွဲခြင်း၊ ငြူစူခြင်း၊ သေရည်သောက်ကြူးခြင်း၊ သောက်စားပျော်ပါးခြင်းတို့ဖြစ်၏။ ဤနည်းအတိုင်းပြုကျင့်သူသည် ဘုရားသခင်၏နိုင်ငံတော်ကို ရကြမည်မဟုတ်။

ဂလာတိ ၅း၉–၁၀

ယောကျ်ားအချင်းချင်းမှားယွင်းသူများ၊ သူခိုးများ၊ လောဘကျူးသူများသည် ဘုရားသခင်၏နိုင်ငံတော်သား ဖြစ်ကြရလိမ့်မည်မဟုတ်။

၁ ကော ၆း၉–၁၀

**သင်၏ခန္ဓာနှင့်စိတ်နှလုံးကို ယေရှု၏ဝိညာဉ်အားဖြင့် သန့်ရှင်းစင်ကြယ်စေပါ။**

ယခင်ကသင်တို့တွင် အချို့သောသူတို့သည် ထိုသို့ဆိုးယုတ်သူများဖြစ်ခဲ့သော်လည်း အပြစ်မှဆေးကြောသုတ်သင်ခြင်းကို ခံရပြီ။ ဘုရားသခင်အားဆက်ကပ်သူများဖြစ်ကြပြီ။ အရှင်ယေရှုခရစ်အားဖြင့် ငါတို့ ဘုရားသခင်၏ဝိညာဉ်အားဖြင့်၎င်း၊ သင်တို့သည်ဘုရားသခင်နှင့် မှန်ကန်စွာဆက်ခံခွင့်ကိုရရှိကြပြီ။

၁ ကော ၆း၁၁

# ပူလောင်ပြင်းပြသောငရဲ

## (လုကာ ၁၆း၁၉– ၂၆ ဖတ်ပါ)

ယေရှုခရစ်တော်ကို စိတ်ချယုံကြည်စွာလက်ခံပါ။ သို့ယုံကြည်လျှင် အသက်စာစောင်တွင် သင်၏နာမည် စာရင်းဝင်လိမ့်မည်။




အသက်စာစောင်တွင် စာရင်းမဝင်သူမှန်သမျှတို့သည် မီးအိုင်ထဲသို့ ပစ်ချခြင်းခံကြရ၏။ ဗျာဒိတ် ၂၀း၁၅

# ယေရှုသည်ဘုရားသခင်ထံသွားရာတစ်ခုတည်းသော လမ်းဖြစ်သည်။

ဘုရားသခင်သည် ငါတို့အားထာဝရအသက်ကို ပေးသနားတော်မူကြောင်း ထိုအသက်ကိုသားတော်အားဖြင့်ရရှိကြောင်း ဘုရားသခင်သက်သေခံတော်မူ၏။ ၁ ယောဟန် ၅း၁၁

အပြစ်အစကား သေခြင်းဖြစ်၏။ သို့ရာတွင်ဘုရားသခင်အခမဲ့ပေးတော်မူသော ဆုကျေးဇူးတော်ကား ငါတို့၏အရှင်ယေရှုခရစ်နှင့်တစ်လုံးတစ်ဝတည်းဖြစ်ခြင်းအားဖြင့်ရရှိသော ထာဝရအသက်ပေတည်း။ ရောမ ၆း၂၃

သားတော်ကိုယုံကြည်သူသည် ထာဝရအသက်ကိုရ၏။ သားတော်၏စကားကိုနားမထောင်သူမူကား အသက်ကိုမရဘဲ ဘုရားသခင်၏အမျက်တော်သင့်သူဖြစ်လိမ့်မည်။ ယောဟန် ၃း၃၆

ယေရှုက "ငါသည်ခရီးလမ်းဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကိုအမှီမပြုဘဲ အဘယ်သူမျှ ခမည်းတော်ထံသို့မရောက်နိုင်" ဟု မိန့်တော်မူ၏။ ယောဟန် ၁၄း၆

# ငြိမ်းချမ်းသာယာသောကောင်းကင်ဘုံ

ဗျာဒိတ်အခန်း ၂၁ တွင် ရှင်ယောဟန်သည် ကောင်းကင်သစ်နှင့် ကမ္ဘာသစ်ကိုမြင်မက်ကြောင်းရေးသားခဲ့သည်။



ကိုယ်တော်သည်သူတို့၏မျက်ရည်ရှိသမျှကို သုတ်တော်မူလိမ့်မည်။ နောက်တစ်ဖန် သေခြင်း၊ ဝမ်းနည်းပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ နာကျင်ခြင်းတို့သည် ရှိကြတော့မည်မဟုတ်။ ရှေးဖြစ်ရိုးဖြစ်စဉ်တို့သည် ပျောက်ကွယ်သွားပြီ။ ထို့နောက် ပလ္လင်တော်ပေါ်တွင်စံတော်မူသောအရှင်က "ယခုအခါ၌ခပ်သိမ်းသောအရာတို့ကို ငါအသစ်ဖန်ဆင်းပြီ" ဟု မိန့်တော်မူ၏။ ဗျာဒိတ် ၂၁း၄–၅

ရှင်ယောဟန်သည် သန့်ရှင်းမြင့်မြတ်သည့် ယေရုရှလင်မြို့သစ် ကောင်းကင်ဘုံရှိဘုရားသခင်ထံတော်မှ ဆင်းသက်လာသည်ကိုလည်း မြင်တွေ့ရသည်။

"မြို့ရိုးကိုနဂါးသွဲ့ကျောက်ဖြင့်ဆောက်လုပ်ထား၏။ မြို့တော်ကြီးကား ဖန်ရောင်ထနေသောရွှေစင်ဖြင့်ပြီး၏။ မြို့ရိုးအုတ်မြစ်များကို ကျောက်မျက်ရတနာအမျိုးမျိုးတို့ဖြင့် ချယ်လှယ်ထား၏။" ဗျာဒိတ် ၂၁း၁၈၊၁၉

## ယေရှုသည် ယုံကြည်သူများအတွက်နေရာပြင်ဆင်ရန် ကောင်းကင်ဘုံသို့တက်ကြွသွားသည်။

သခင်ယေရှုက "သင်တို့စိတ်မပူပန်ကြနှင့်။ ဘုရားသခင်ကို ယုံကြည်ကြလော့။ ငါ့ကိုလည်းယုံကြည်လော့။ ငါ့ခမည်းတော်၏ အိမ်တော်တွင်အခန်းများစွာရှိ၏။ သို့မရှိပါမူ ငါသည်သင်တို့အတွက် နေရာကိုသွား၍ပြင်ဆင်မည်ဟု ပြောဆိုပါမည်လော။ ယင်းသို့သွား၍ ပြင်ဆင်ပြီးမှ သင်တို့ထံသို့ငါပြန်လာ၍ ငါရှိရာအရပ်တွင်သင်တို့ နေနိုင်ကြစေရန် သင်တို့ကိုငါ့ထံသို့ခေါ်ဆောင်မည်" ဟု မိန့်တော်မူ၏။

ယောဟန် ၁၄း၁-၃

## ဤသတင်းကောင်းကိုတစ်ပါးသူအားဝေငှပါ။

ယေရှုက "သင်တို့သည် ကမ္ဘာအရပ်ရပ်သို့သွား၍ လူသတ္တဝါအပေါင်း တို့အား သတင်းကောင်းကို ဟောပြောကြေညာကြလော့" ဟု မိန့်တော်မူ၏။

မာကု ၁၆း၁၅

သူတစ်ပါးတို့၏စိတ်ဝိညာဉ်ကို ရသောသူသည် ပညာရှိဖြစ်၏။

သုတ္တံ ၁၁း၃၀

# ဘုရားသခင်၏သားသမီးများအတွက် ကတိတော်များ။



ငါသည်သင့်ကိုအဘယ်အခါမျှမစွန့်၊
အဘယ်အခါ၌မျှပစ်၍မထား။ ဟေဗြဲ ၁၃း၅

သွားလေရာ၌ သင့်ကိုစောင့်ရှောက်စေရန်
ဘုရားသခင်သည်မိမိ၏ကောင်းကင်တမန်များကို
တာဝန်ပေးအပ်တော်မူလိမ့်မည်။ ဆာလံ ၉၁း၁၁

မည်သူမျှ သိုးတို့ကို ခမည်းတော်၏
လက်၌ မလုမယူနိုင်။ ယောဟန် ၁၀း၂၉

ငါသည်ကပ်ကမ္ဘာကုန်ဆုံးချိန်တိုင်အောင် သင်တို့နှင့်အတူ
အစဉ်မပြတ်ရှိတော်မူသည်။ မဿဲ ၂၈း၂၀

သင်ခံရမည့်ဆင်းရဲဒုက္ခများအတွက် မစိုးရိမ်နှင့်။ စာတန်သည် သင်တို့အချို့ကိုထောင်ထဲ၌အကျဉ်းချထားခြင်းအားဖြင့် စစ်ဆေးလိမ့်မည်။ သေသည့်တိုင်အောင် သစ္စာစောင့်လော့။ သို့မှသာသင့်အား အသက်သရဖူကို ငါပေးမည်။ ဗျာဒိတ် ၂း၁၀

မှောင်မိုက်၌ထိုင်ရသော်လည်း ထာဝရဘုရားသည် ငါ၏အလင်း ဖြစ်တော်မူလိမ့်မည်။ မိက္ခာ ၇း၈

ထာဝရဘုရားက "ငါ့ကိုခေါ်လျှင် ငါထူးမည်" ဟု မိန့်တော်မူ၏။
ယေရမိ ၃၃း၃

# ယေရှုသည် ပြန်လည်ကြွလာတော်မူမည်။



လူသားအားလုံးသေခြင်းမှ ထမြောက်ကြလိမ့်မည်။ “သချိုင်းမှသူသေတို့သည် သားတော်၏အသံကိုကြား၍ ထွက်လာကြမည့် အချိန်ကျရောက်လိမ့်မည်။ အကျင့်ကောင်းကိုပြုခဲ့သူတို့သည် ထမြောက်၍ အသက်ရှင်ကြရလိမ့်မည်။ အကျင့်ဆိုးကိုပြုခဲ့သူတို့မူကားထမြောက်၍ အပြစ်စီရင်ခြင်းကို ခံရလိမ့်မည်။”

ယောဟန် ၅း၂၈–၂၉

ခရစ်တော်၌သေဆုံးသောသူတို့သည် ဦးစွာထမြောက်ကြလိမ့်မည်။ “ထို့နောက်အသက်ရှင်လျက်ကျန်ရစ်သောငါတို့သည် အာကာသတွင် သေလွန်သူတို့နှင့်အတူ သခင်ဘုရားနှင့်တွေ့ဆုံရန် မိုးကောင်းကင်သို့ ယူဆောင်ခြင်းကိုခံကြရလိမ့်မည်။ ဤနည်းအားဖြင့်ငါတို့သည် သခင်ဘုရားနှင့်အတူ အစဉ်အမြဲနေရကြပေအံ့။” ၁ သက်သလောနိ ၄း၁၇

ထိုနေ့ရက်ကာလသည် အဘယ်အခါမှကျရောက်မည်ကို သင်တို့မသိကြသဖြင့် သတိဖြင့်စောင့်နေကြလော့။ နိုးနိုးကြားကြားရှိကြလော့။

မာကု ၁၃း၃၃

## ယေရှုမည်သို့ကြွလာမည်နည်း။



ကြည့်ရှုလော့။ ကိုယ်တော်သည်မိုးတိမ်စီး၍ ကြွလာတော်မူလိမ့်မည်။ လူအပေါင်းတို့သည် ကိုယ်တော်ကိုဖူးမြင်ကြရလိမ့်မည်။

ဗျာဒိတ် ၁း၇

ခရစ်တော်အတုအယောင်များနှင့် ပရောဖက်အတုအယောင်များကို သတိထားကြလော့။ "လူတစ်စုံတစ်ယောက်က 'ကြည့်လော့၊ ဤအရပ်တွင်မေရှိယရှိသည်' ဟူ၍၎င်း၊ 'ထိုအရပ်တွင်မေရှိယရှိသည်' ဟူ၍၎င်းဆိုလျှင် မယုံကြနှင့်။ လူတို့က 'ကြည့်လော့၊ မေရှိယသည် တောကန္တာရတွင်ရှိသည်' ဟုဆိုလျှင် မသွားကြနှင့်၊ 'အိမ်ခန်းထဲမှာရှိသည်' ဟုဆိုလျှင်လည်း မယုံကြနှင့်။"

မဿဲ ၂၄း၂၃၊၂၆

## ယေရှုသည်မိုးတိမ်ကိုစီး၍ ကြွရောက်လာတော်မူလိမ့်မည်။

"လျှပ်စစ်ပြက်၍ အရှေ့အရပ်မှအနောက်အရပ်တိုင်အောင် ကောင်းကင်တစ်ပြင်လုံးထွန်းလင်းစေသကဲ့သို့ လူသားကြွလာတော်မူလိမ့်မည်။ ထိုအခါ လူသားကြွလာတော်မူမည့်နိမိတ်လက္ခဏာသည် မိုးကောင်းကင်တွင် ပေါ်ထွန်းလာလိမ့်မည်။ မိုးတိမ်ကိုစီးလျက် ကြီးစွာသောဘုန်းတန်ခိုးတော်ဖြင့် လူသားကြွလာတော်မူသည်ကို ကမ္ဘာပေါ်ရှိလူအပေါင်းတို့သည် မြင်ကြသောအခါ ငိုကြွေးမည်တမ်းကြလိမ့်မည်။" မဿဲ ၂၄း၂၇၊၃၀

# သိုးထိန်းတော်မြတ်ထာဝရဘုရား၏ဆာလံကျမ်း

ထာဝရဘုရားသည် သိုးထိန်းတော်မြတ်ဖြစ်၍ ငါ့ကိုစောင့်ထိန်းတော်မူ၏။ ထို့ကြောင့် ငါသည်လိုသမျှကိုရရှိ၏။ ကိုယ်တော်သည်ငါ့အား စိမ်းလန်းသောစားကျက်များတွင် နားနေစေတော်မူ၏။ ဆိတ်ငြိမ်ရာ မြစ်ချောင်းများသို့ လမ်းပြပို့ဆောင်တော်မူ၏။ ကိုယ်တော်သည်ငါ့ကို အားသစ်လောင်းတော်မူ၏။ ကတိတော်ရှိတော်မူသည့်အတိုင်း လမ်းမှန်သို့ ပို့ဆောင်တော်မူ၏။ အိုထာဝရဘုရား၊ အကယ်၍ကျွန်တော်မျိုးသည် အမှောင်ဆုံးချိုင့်ဝှမ်းကိုဖြတ်၍ပင် သွားရစေကာမူ မကြောက်ပါ။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်ရှင်သည် ကျွန်တော်မျိုးနှင့်အတူ ရှိတော်မူသောကြောင့်ဖြစ်ပါ၏။ ကိုယ်တော်ရှင်သည် ကျွန်တော်မျိုးအတွက် ရန်သူအပေါင်းတို့၏ရှေ့မှောက်တွင် စားပွဲကိုတည်ခင်းတော်မူပါ၏။ ဧည့်သည်တော်အဖြစ် ကျွန်တော်မျိုး၏ဦးခေါင်းကို ဆီလောင်း၍ ကြိုဆိုတော်မူ၏။ ကျွန်တော်မျိုး၏ခွက်ဖလားကိုလည်း ပြည့်လျှံအောင် ဖြည့်တော်မူပါ၏။ ကေန်မုချကျွန်တော်မျိုးသည် ကိုယ်တော်၏ကျေးဇူးနှင့် ဂရုဏာတော်ကို တစ်သက်လုံးခံစား၍ ကိုယ်တော်ရှင်၏အိမ်တော်မှာ အသက်ရှင်သမျှကာလပတ်လုံးနေရပါလိမ့်မည်။ ဆာလံ ၂၃